wave money

Digital Money Myanmar Ltd.
No.84, 7th floor, Uniteam Marine Building
Pan Hlaing Street, Sanchaung Township
Yangon, Myanmar

# Wave Money မှ 2C2P နှင့်အတူ ပူးပေါင်းကာ လွယ်ကူလျင်မြန်သော ငွေပေးချေမှုစနစ်အား မိတ်ဆက်

အဆိုပါပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် WavePay သုံးစွဲသူများအနေဖြင့် လေကြောင်းလိုင်းများ၊ ဟိုတယ်များနှင့် အသစ်သစ်သော ငွေပေးချေမှုဆိုင်ရာဝန်ဆောင်မှုများအားရရှိနိုင်

**ရန်ကုန်၊ မြန်မာ ၊ ဇန်နဝါရီလ ၂၁ ရက်၊ ၂၀၂၀ ခုနှစ်** - မြန်မာနိုင်ငံ၏ မိုဘိုင်းငွေပေးချေမှုကဏ္ဍတွင် ဦးဆောင်ကုမ္ပဏီဖြစ်သော Wave Money မှ နိုင်ငံတဝှမ်းရှိ WavePay အသုံးပြုသူများအတွက် လွယ်ကူလျင်မြန်သော ငွေပေးချေမှုဝန်ဆောင်မှုအား အကောင်အထည်ဖော်ဆောင်ရေးရည်ရွယ်ကာ ကမ္ဘာလုံးဆိုင်ရာ ငွေပေးချေမှုကုမ္ပဏီဖြစ်သည့် 2C2P နှင့် ပူးပေါင်းဆောင်ရွက်လိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအား ရန်ကုန်မြို့ရှိ Sule Shangri-La ဟိုတယ်တွင် ပြုလုပ်ကျင်းပခဲ့သည်။

အဆိုပါပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် WavePay အက်ပလီကေးရှင်းအား လွယ်ကူလျင်မြန်သော ငွေပေးချေမှုဆိုင်ရာ အက်ပလီကေးရှင်းအဖြစ် ပိုမိုအသက်ဝင်လာစေရုံသာမက တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံရှိ မိုဘိုင်းငွေပေးချေမှုကဏ္ဍ၏ ဦးဆောင်ကုမ္ပဏီအဖြစ် လေကြောင်းလိုင်းများ၊ ဟိုတယ်များ နှင့် အခြားသော လက်လီဈေးကွက်များသို့ ပိုမိုချဲ့ထွင်ရောက်ရှိလာခြင်းပင် ဖြစ်သည်။

“ငွေကြေးဆိုင်ရာ နည်းပညာတိုးတက်မှုတွေက လူသားတွေရဲ့ဘဝနေထိုင်မှု ပိုမိုလွယ်ကူလာစေရုံသာမက ဒီဂျစ်တယ်ကို အသုံးပြုပြီး ငွေပေးချေမှုတွေကို တွင်တွင်ကျယ်ကျယ် လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ 2C2P နဲ့ ပူးပေါင်းဆောင်ရွက်ခြင်းက သန်းပေါင်းများစွာသော WavePay အသုံးပြုသူတွေအနေနဲ့ လွယ်ကူလျင်မြန်တဲ့ ဒီဂျစ်တယ်ငွေကြေးဝန်ဆောင်မှုရဲ့ အကျိုးကျေးဇူး တွေကို ရရှိမှာဖြစ်ပါတယ်။” ဟု Wave Money ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Brad Jones မှ ပြောကြားသည်။

2C2P သည် ကမ္ဘာလုံးဆိုင်ရာ ငွေပေးချေမှုစနစ်ဖြစ်ပြီး အွန်လိုင်း၊ မိုဘိုင်း အသုံးပြု၍သော်လည်းကောင်း၊ အရောင်းဆိုင်များတွင် ငွေပေးချေရာ၌သော်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများမှ လုံခြုံစွာဖြင့် ငွေလက်ခံရရှိစေရန် ပံ့ပိုးပေးသည်။ ဘန်ကောက်နှင့် စင်ကာပူမြို့တွင် ရုံးချုပ်တည်ရှိပြီး အရှေ့တောင်အာရှနိုင်ငံများ၊ မြောက်အာရှ၊ ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့၏ ဈေးကွက်များတွင် လုပ်ငန်းလည်ပတ်လျက်ရှိသည်။ ဒေသတွင်းရှိ လေကြောင်းလိုင်းများ၊ ခရီးသွားကုမ္ပဏီ နှင့် ကမ္ဘာတစ်ဝန်းရှိ လက်လီလုပ်ငန်းများအတွက် ငွေပေးချေမှုစနစ်အား ထောက်ပံ့ပေးလျက်ရှိသည်။

"ကျွန်တော်တို့သည် Wave Moneyနှင့် အတူပူးပေါင်းဆောင်ရွက်၍ သန်းပေါင်းများစွာသော Wave Money အသုံးပြုသူများအား 2C2P ၏မိတ်ဖက် စီးပွားရေးလုပ်ငန်းစုများ ဥပမာအားဖြင့် ဒေသတွင်းသာမက အရှေ့တောင်အာရှရှိ လေကြောင်းလိုင်းများ ၊ အွန်လိုင်းအရောင်းဆိုင်များ နှင့် ချိတ်ဆက် ပေးနိုင်သည့်အတွက်ကျေနပ်ဝမ်းမြောက်မိပါသည်။ ထို့အပြင် WavePay နှင့်ပူးပေါင်း၍ ဒေသတွင်း ဒီဂျစ်တယ် ငွေပေးချေမှု ဖွံ့ဖြိုးတိုးတက်ရေးအပြင် ငွေစက္ကူ သုံးစွဲမှုများလျော့ချနိုင်ရေး

Digital Money Myanmar Ltd.
No.84, 7th floor, Uniteam Marine Building
Pan Hlaing Street, Sanchaung Township
Yangon, Myanmar

ဒစ်ဂျစ်တယ်ငွေပေးချေခြင်းကို အတူတကွ လုပ်ဆောင်ကြမှာဖြစ်ပါတယ်။"ဟု 2C2P ၏ တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဦးအောင်ကျော်မိုးမှ ပြောသည်။

WavePay အသုံးပြုသူများအနေဖြင့် ကုန်ပစ္စည်းများ နှင့် ဝန်ဆောင်မှုများကို WavePay အက်ပလီကေးရှင်းမှတဆင့် လွယ်ကူအဆင်ပြေစွာ တိုက်ရိုက်ဝယ်ယူနိုင်သည်။ "လက်ရှိမှာ Wave Money က မြန်မာနိုင်ငံရဲ့ လွယ်ကူလျင်မြန်ပြီး စိတ်ချရတဲ့ မိုဘိုင်းငွေပေးချေမှုစနစ်တစ်ခုအဖြစ် ရပ်တည်နေပါတယ်။ 2C2P ရဲ့ ကွန်ရက်နဲ့ မိတ်ဖက်စီးပွားရေး လုပ်ငန်းတွေကနေတစ်ဆင့် မြန်မာနိုင်ငံမှာရှိတဲ့ WavePay အသုံးပြုသူတွေကို အရင်ကထက်သာလွန်တဲ့ ဒီဂျစ်တယ်ငွေပေးချေမှု ဝန်ဆောင်မှုတွေ ယူဆောင်ပေးမှာ ဖြစ်ပါတယ်။" ဟု Wave Money ၏ အလုပ်အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Brad Jones မှ ထပ်မံပြောကြား သည်။

Wave Money သည် မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ဒီဂျစ်တယ်ငွေပေးချေမှုစနစ်ကို ဖော်ဆောင်လျက်ရှိသော ကနဦးအဖွဲ့အစည်းအဖြစ် ရပ်တည်လျက်ရှိပြီး စီးပွားရေးလုပ်ငန်းများနှင့် အသုံးပြုသူများထံသို့ ပိုမိုထောက်ပံ့ပေးနိုင်ရန် အတွက် အစဉ်အမြဲကြိုးပမ်းလျက်ရှိသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၏ လူဦးရေ ၁၇ သန်းသည် Wave Money ၏ လုံခြုံစိတ်ချရသော ဝန်ဆောင်မှုကို အသုံးပြု၍ ငွေလွှဲခြင်း၊ ငွေပေးချေခြင်း၊ ဖုန်းငွေဖြည့်ခြင်းနှင့် အခြားသော ဒီဂျစ်တယ်ငွေပေးချေမှုများကို လုပ်ဆောင်လျက်ရှိသည်။

**Wave Money အကြောင်း**

Wave Money သည် မြန်မာနိုင်ငံအနှံ့တွင် အေးဂျင့်ဆိုင်ပေါင်း ၅၇၀၀၀ ကျော်နှင့် လည်ပတ်လုပ်ကိုင်နေသော မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် ရှေ့တန်းမှ ဦးဆောင်နေသည့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုကုမ္ပဏီတစ်ခုဖြစ်သည်။ ထို့အပြင် Wave Money သည် Telenor ၊ FMI ၊ ရိုးမဘဏ်၊ စင်ကာပူစတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီတစ်ခုဖြစ်သော Yoma Strategic Holdings တို့နှင့် ဖက်စပ်လုပ်ကိုင်နေသော ကုမ္ပဏီတစ်ခုဖြစ်ပြီး ၎င်း၏အေးဂျင့်ကွန်ရက်များမှတစ်ဆင့် လွယ်ကူလျင်မြန်၍ အားထားရသော မိုဘိုင်းငွေကြေးဝန်ဆောင်မှုစနစ်ကို ထောက်ပံ့ပေးနေသော ကုမ္ပဏီတစ်ခုဖြစ်သည်။ Wave Money သည် ငွေကြေးလွှဲပြောင်းခြင်းနှင့် ပတ်သက်၍ တမူထူးခြားသည့် နည်းလမ်းတစ်ခုကို မြန်မာပြည်သူများသို့ မိတ်ဆက်ပေးခဲ့ပြီး သန်းချီသော မြန်မာပြည်သူများကို အွန်လိုင်းမှတဆင့် ငွေကြေးလွှဲပြောင်းသော ဝန်ဆောင်မှုကို ရယူနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ Wave Money ၏ မိုဘိုင်းငွေကြေးဝန်ဆောင်မှုမှတစ်ဆင့် နေ့စဉ် မြန်မာပြည်သူ ထောင်နှင့်ချီ၍ မိမိတို့၏ ငွေကြေးများကို အချိန်မရွေး၊ နေရာမရွေး လွယ်ကူလျင်မြန်စွာ လွှဲပြောင်းလာနိုင်ကြသည်။ Wave Money ၏ Call Center များသည် တစ်ပတ် ၇ ရက်၊ တစ်ရက် ၂၄ နာရီ အချိန်ပြည့် လည်ပတ်လျက်ရှိပြီး သုံးစွဲသူများမှ သိရှိလို၍ မေးမြန်းချက်များကို အချိန်ပြည့် ပြန်လည်ဖြေကြားပေးလျက်ရှိသည်။ http://www.wavemoney.com.mm

**2C2P အကြောင်း**

2C2P သည် ကမ္ဘာလုံးဆိုင်ရာ ငွေပေးချေမှုစနစ်ဖြစ်ပြီး အွန်လိုင်း၊ မိုဘိုင်း အသုံးပြု၍သော်လည်းကောင်း၊ အရောင်းဆိုင်များတွင် ငွေပေးချေရာ၌သော်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများမှ လုံခြုံစွာဖြင့် ငွေလက်ခံရရှိစေရန် ပံ့ပိုးပေးသည်။ ဘန်ကောက်နှင့် စင်ကာပူမြို့တွင် ရုံးချုပ်တည်ရှိပြီး အရှေ့တောင်အာရှနိုင်ငံများ၊ မြောက်အာရှ၊ ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့၏ ဈေးကွက်များတွင် လုပ်ငန်းလည်ပတ်လျက်ရှိသည်။ ဒေသတွင်းရှိ လေကြောင်းလိုင်းများ၊ ခရီးသွားကုမ္ပဏီ နှင့် ကမ္ဘာတစ်ဝန်းရှိ လက်လီလုပ်ငန်းများအတွက် ငွေပေးချေမှုစနစ်အား ထောက်ပံ့ပေးလျက်ရှိသည်။